# ဝက်သက်ရောဂါ


# ကူးစက်မခံရအောင် ကာကွယ်ခြင်း

## ခရီးမထွက်မီနှင့် ခရီးထွက်ရာမှ ပြန်လည်ရောက်ရှိလာပြီးနောက်



**ဝက်သက်ရောဂါသည် အထူးသဖြင့် မွေးကင်းစရင်သွေးငယ်နှင့် ကလေးငယ်များအတွက် အန္တရာယ်ရှိနိုင်သည်။ ပြင်းထန်ဝက်သက်ရောဂါသည် ဆေးရုံတက်ရောက်ကုသမှုခံယူရခြင်းနှင့် အသက်ဆုံးရှုံးခြင်းအထိ ဖြစ်နိုင်ပါသည်။**

**ဝက်သက်ရောဂါသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် အဖြစ်များနေဆဲရောဂါ ဖြစ်သည်။ ဝက်သက်ရောဂါ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံထားခြင်းမရှိဘဲ နိုင်ငံတကာသို့ ခရီးသွားရောက်သော သို့မဟုတ် ဝက်သက်ရောဂါဖြစ်ပွားနေသည့် ဒေသသို့ သွားရောက်သော မည်သူမဆိုသည် အန္တရာယ်ရှိနိုင်ပါသည်။**



**ဝက်သက်၊ ပါးချိတ်ရောင်နာ နှင့် ဂျိုက်သိုးရောဂါ (MMR) ကာကွယ်ဆေးကို ထိုးနှံထားခြင်းဖြင့် သင့်ကိုယ်သင်နှင့် သင့်ကလေးကို ဝက်သက်ရောဂါကူးစက်မခံရအောင် ကာကွယ်နိုင်ပါသည်**

## နိုင်ငံတကာသို့ ခရီးသွားရောက်ခြင်းမပြုမီ ဘာတွေကို လုပ်ဆောင်သင့်သလဲ

1. မိသားစုဝင်တိုင်းကို ဝက်သက်ရောဂါကူးစက်မခံရအောင် ကာကွယ်ထားကြောင်း **သေချာစေရန် သင့်ဆရာဝန်၊ သူနာပြု သို့မဟုတ် ဆေးခန်းနှင့် တိုင်ပင်ဆွေးနွေးပါ။**

2. **သင်ခရီးမထွက်မီ အနည်းဆုံး 2 ပတ်အလိုတွင် ကာကွယ်ဆေးထိုးပါ။**
   - 6 လသားမှ 11 လသားအရွယ် မွေးကင်းစရင်သွေးငယ်များသည် MMR ကာကွယ်ဆေးကို တစ်ကြိမ်ထိုးထားသင့်ပါသည်။
   - 12 လသားနှင့်အထက် မည်သူမဆို (အရွယ်ရောက်သူများ အပါအဝင်) သည် ခရီးမထွက်မီ စုစုပေါင်းကာကွယ်ဆေး 2 ကြိမ် ထိုးထားသင့်ပါသည်။
     - ယခင်က ကာကွယ်ဆေးမထိုးဖူးလျှင် ပထမဆုံးအကြိမ်ကို အမြန်ဆုံးထိုးနှံလိုက်ပါ။ 28 ရက်အကြာတွင် ဒုတိယအကြိမ် ထိုးနှံနိုင်ပါသည်။
     - ယခင်က ကာကွယ်ဆေး 1 ကြိမ်ထိုးဖူးလျှင် ခရီးမထွက်မီ ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံပါ။

3. **ခရီးထွက်ရန် 2 ပတ်ထက်နည်းသောအချိန်သာ ကျန်ရှိသည့်တိုင်အောင် MMR ကာကွယ်ဆေး 1 ကြိမ်ကို ထိုးနှံနိုင်ပါသေးသည်။**

**အမေရိကန်ပြည်ထောင်စုရှိ ဝက်သက်ရောဂါဖြစ်ပွားနေသော ဒေသတစ်ခုသို့ ခရီးထွက်မည်ဆိုပါက မိသားစုတိုင်းကို ဝက်သက်ရောဂါကူးစက်မခံရအောင် ကာကွယ်ထားကြောင်း သေချာစေရန် သင့်ဆရာဝန်၊ သူနာပြု သို့မဟုတ် ဆေးခန်းနှင့် တိုင်ပင်ဆွေးနွေးပါ။**

## နိုင်ငံတကာသို့ ခရီးထွက်ရာမှ သို့မဟုတ် ဝက်သက်ရောဂါဖြစ်ပွားနေသော နေရာဒေသသို့ ခရီးထွက်ရာမ ပြန်လည်ရောက်ရှိလာပြီးနောက် ဘာတွေကို လုပ်ဆောင်သင့်သလဲ

1. ခရီးထွက်ရာမှ ပြန်လည်ရောက်ရှိလာပြီးနောက **3 ပတ်အတွင်း ဝက်သက်ရောဂါ လက္ခဏာများရှိ၊ မရှိ စောင့်ကြည့်ပါ။** ဝက်သက်ရောဂါသည **အလွန်ကူးစက်လွယ** ပြီး အခြားသူများဆီသို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့စေနိုင်သည်။

2. **အောက်ပါတို့ဖြစ်ပေါ်ပါက ဆရာဝန် သို့မဟုတ် ဆေးခန်းကို ချက်ချင်းဖုန်းဆက်ပါ-**
   - သင် သို့မဟုတ် သင့်ကလေးသည် ဝက်သက်ရောဂါရှိသူနှင့် ထိတွေ့မိသည်ဟု သံသယရှိပါက။
   - သင့်တွင် သို့မဟုတ် သင့်ကလေးတွင် အဖုအပိမ့်အနီစက်များထွက်ပြီး ဖျားနာ၍ နေထိုင်မကောင်းဖြစ်လာပါက။ သင်သွားရောက်ခဲ့သော ဒေသနှင့် သင်နှင့် သင့်ကလေးအနေဖြင့် MMR ကာကွယ်ဆေးထိုးနှံထားခြင်းရှိ၊ မရှိကို သင့်ဆရာဝန်အား ပြောပြပါ။



3. **သင် သို့မဟုတ် သင့်ကလေးသည် အဖုအပိမ့်အနီစက်ထွက်ပြီး ဖျားနာ၍ နေထိုင်မကောင်းဖြစ်လာပါက** ဆရာဝန် သို့မဟုတ် ဆေးခန်းနှင့် တိုင်ပင်ဆွေးနွေးပြီးသည်အထိ အိမ်တွင်သာနေပါ။

**ပိုမိုလေ့လာရန်**